# ညီနောင်တိုင်းရင်းသား (၅) ပါတီ၏ သဘောထားကြေညာချက်

အမှတ်(၆/၂၀၁၁)

ကျွန်ုပ်တို့ ညီနောင်တိုင်းရင်းသား (၅) ပါတီသည် ချစ်ကြည်သွေးစည်းစွာ တိုင်ပင်ဆွေးနွေးပြီးနောက် သဘောထားကြေညာချက်များ ထုတ်ပြန်ခဲ့သည်မှာ အမှတ် (၅) အထိ ရှိခဲ့ပြီးဖြစ်ပါသည်။ ယင်းသဘောထားကြေညာချက်များနှင့်ဆက်နွယ်ပြီး နိုင်ငံတော်ဖက်မှ အချို့ကိစ္စများကို အကောင်အထည်ဖော်ပေးခဲ့သည့်အတွက် ကျွန်ုပ်တို့ဝမ်းမြောက်ပါသည်။ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများနှင့်ပတ်သက်၍ ကျွန်ုပ်တို့ညီနောင်တိုင်းရင်းသား (၅)ပါတီမှ ဆွေးနွေးတိုင်ပင်ပြီးနောက် အောက်ပါသဘောထားကြေညာချက်များကို ထုတ်ပြန်ပါသည်။

၁။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၁၁-၁၀-၂၀၁၁ ရက်နေ့ လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း အမိန့်အရ အကျဉ်းသား (၆၃၅၉)ဦး လွတ်မြောက်လာခြင်းတွင် ယုံကြည်ချက်ကြောင့် အကျဉ်းချခံနေရသော နိုင်ငံရေးအကျဉ်းသားတစ်ချို့ လွတ်မြောက်လာခြင်းအား ယင်းတို့၏ မိသားစုများနှင့်အတူ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ ဆက်လက်၍ နှစ်ရှည်လများ အပြစ်ဒဏ်ချမှတ်ခံနေရသည့် ဦးခွန်ထွန်းဦးနှင့်တိုင်းရင်းသားခေါင်းဆောင်များ၊ မင်းကိုနိုင်နှင့် ကျောင်းသားခေါင်းဆောင်များအပါအဝင်၊ နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ လွတ်ငြိမ်းချမ်းသာခွင့် အမြန်ဆုံးပေးပါရန် ထပ်မံ၍ တိုက်တွန်းပါသည်။

၂။ တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင် ပဋိပက္ခများ၊ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် ပတ်သက်၍ ညီနောင်တိုင်းရင်းသား ပါတီများအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဂုဏ်သိက္ခာရှိ ပုဂ္ဂိုလ်များ၊ပညာရှင်များဖြင့် ငြိမ်းချမ်းရေးကော်မတီတွင်ဖြည့်စွက်ဖွဲ့စည်းကာ ငြိမ်းချမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပပေးပါရန် ထပ်မံတိုက်တွန်းပါသည်။

၃။ ညီနောင်တိုင်းရင်းသား(၅)ပါတီသည် ဒီမိုကရေစီနိုင်ငံရေးအတွေ့အကြုံများ ဖလှယ်နိုင်ရန် နိုင်ငံတကာရှိ ဒီမိုကရက်တစ် ပါတီများနှင့်တွေ့ဆုံမိတ်ဖွဲ့ရန် ဆန္ဒရှိပါသည်။

၄။ ရခိုင်ပြည်နယ်၊ပေါက်တောမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံသည် လွှတ်တော်အစည်းအဝေးတက်ရောက်နေစဉ်ကာလအတွင်း ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ ဖယ်ရှားခံရခြင်းအတွက် ညီနောင်တိုင်းရင်းသား(၅)ပါတီ အနေဖြင့် ထိုဒေသရှိမဲဆန္ဒရှင်များနှင့် ထပ်တူထပ်မျှ အထူးစိတ်မကောင်းဖြစ်ရပါသည်။

၅။ ဒေါ်အောင်ဆန်းစုကြည်အား ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နိုင်ငံရေးပါတီတည်ထောင်၍ ရွေးကောက်ပွဲဝင်ရန် တိုက်တွန်းပါသည်။

ဦးဖိုဇမ် ဥက္ကဋ္ဌ၊ ချင်းအမျိုးသားပါတီ ..............................

ဦးနိုင်ငွေသိန်း ဥက္ကဋ္ဌ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ..............................

ဦးစောမြထွန်း ဒု/ဥက္ကဋ္ဌ၊ ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီ ..............................

ဦးစိုင်းလှကျော် အထွေထွေအတွင်းရေးမှူး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ..............................

ဦးဦးလှစော အထွေထွေအတွင်းရေးမှူး၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ..............................

ရက်စွဲ။ ။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်

နေရာ။ ။ ရန်ကုန်မြို့။